This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

## Kayah State Democratic Party

ပညာရေးကဏ္ဍဆိုင်ရာမူဝါဒများ

(၁) ကယားပြည်နယ်အစိုးရ၏ စုစုပေါင်းအသုံးစရိတ်မှ အနည်းဆုံး ၁၀% အား ပညာရေးကဏ္ဍတွင် အသုံးပြုမည်။

(၂) ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုများသည် ဒေသအစိုးရနှင့်ကျောင်းတက္ကသိုလ်အုပ်ချုပ်ရေး ကော်မတီများ၏ လက်အောက်တွင်ရှိရမည်။

(၃) ကျောင်းပညာရေးတွင် ပုဂ္ဂလိကကျောင်းများတည်ထောင်ခြင်းကို စည်းကမ်းချက်နှင့်အညီ ခွင့်ပြုသည်။

(၄) ကျေးရွာကိုယ်ထူကိုယ်ထ မူကြိုကျောင်းများအားလုံးကို အသိအမှတ်ပြုမှုနှင့် လိုအပ်သောထောက်ပံ့မှုများကို လုပ်ဆောင်ပေးမည်။

(၅) မူကြိုဆရာဖြစ်သင်တန်းကျောင်တည်ထောင်ပြီး အရည်အချင်းပြည့်မီသော ဆရာဆရာမများ ထွက်ပေါ်လာရန်အတွက် သင်ကြားခန့်အပ်ပံ့ပိုးမည်။

(၆) မိခင်ဘာသာစကားကိုအခြေခံသော ပညာရေးစနစ်ကို ပံ့ပိုးကူညီသွားမည်။

(၇) အခြေခံပညာရေးသည် အခမဲ့နှင့်မသင်မနေရ ပညာရေးစနစ်ဖြစ်ရမည့်အပြင် ကျောင်း၊ ပရဝုဏ်နှင့် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းဆရာ၊ ဆရာမများ လုံလောက်စွာပံ့ပိုးမည်။

(၈) အခြေခံပညာရေးတွင် ကျောင်းထွက်နှုန်းချနိုင်လျှော့ချနိုင်ရေးအတွက် ကျောင်းများနှင့်လက်လှမ်းမှီနိုင်ရေးအပြင်၊ ကျောင်းသူ/ကျောင်းသားများအား ပံ့ပိုးကူညီနိုင်ရေးလုပ်ဆောင်မည်။

(၉) မသန်စွမ်းသူများပါဝင်သင်ကြားနိုင်သော အားလုံးအကျုံးဝင်ပညာရေးစနစ်ကိုဖော်ဆောင်ပြီး သက်ဆိုင်ရာကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်။

(၁၀)အဆင့်မြင့်ပညာရေးကျောင်းများ၊ ကိုယ်ပိုင်လွတ်လပ်စွာစီမံခွင့်နှင့် အရည်အသွေးပိုင်းဆိုင်ရာကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်။

(၁၁)အခြေခံပညာမှ အဆင့်မြင့်ပညာရေးအထိ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ နှင့်ကျောင်းသား သမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၁၂)ကျောင်းပြင်ပပညာရေးနှင့် အသက်မွေးဝမ်းကျောင်းအစီအမံများ ပံ့ပိုးဖော်ဆောင်သွားမည်။

(၁၃)စစ်ဘေးဒုက္ခသည်နှင့် ပြည်ပရွှေ့ပြောင်းကျောင်းသူကျောင်းသားများ၏ပညာရေးကို အသိအမှတ်ပြုပြီး ပြည်တွင်းကျောင်းပညာရေးနှင့် ပြန်လည်ဆက်စပ်ဆောင်ရွက်ပေးမည်။

(၁၄)ပညာရေးတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်၊ နေရပ်များအပေါ် ခွဲခြားဆက်ဆံမှုမရှိစေဘဲ တန်းတူအခွင့်အရေးရှိရမည်။

(၁၅)ထူးချွန်ပြီး ဆင်းရဲပါသော ကျောင်းသား/ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပေးရေး အစီအစဉ်များ ဆောင်ရွက်မည်။

(၁၆)ပညာရေးဝန်ထမ်းများအတွက် စဉ်ဆက်မပြတ်လေ့လာနိုင်သောရပ်ဝန်းနှင့် လုံလောက်သောထောက်ပံ့မှုပေးမည်။

ကျန်းမာရေးဆိုင်ရာမူဝါဒများ

(၁)ဒေသအတွင်းရှိကျန်းမာရေးစောင့်ရှောက်မှုပေးသည့်ဆေးရုံ၊ဆေးခန်းများတွင်အခြေခံအင်္ဂါရပ်များ

ဖြစ်သောကျွမ်းကျင်ကျန်းမာရေးဝန်ထမ်း၊ပညာရှင်နှင့်အဆင့်မြင့်စက်ပစ္စည်းကိရိယာများထားရှိပေးမည်။

(၂) တိုင်းရင်းကျန်းမာရေးကုသမှုများနှင့် ဆေးဝါးများကို သုတေသနပြုမှုနှင့် တရားဝင်မှတ်ပုံတင်ခြင်း

စသည်တို့ကိုကူညီပေးမည်။

(၃) ကယားပြည်နယ်အဆင့် ကျန်းမာရေးဆိုင်ရာ နီးနှောဖလှယ်နိုင်မည့် ဆုံရပ်နှင့် သုတေသနပြုနိုင်

မည့် အစီအစဉ်များကို ပံ့ပိုးကူညီသွားမည်။

(၄) ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးရှောက်စောင့်မှုများ ပြုလုပ်ရာတွင် ကျေးလက်

နှင့် မြို့ပြကျန်းမာရေးအစီအစဉ်များ ကစွာနှင့် အချိတ်အဆက်ရှိစွာ စီစဉ်ဆောင်ရွက်သွားမည်။

(၅) လူတိုင်းအခြေခံဆေးဝါးကုသမှုတွင်အခမဲ့ဖြစ်ရမည့်အပြင်အကြီးစားကုသမှုဆိုင်ရာအခွင့်အလမ်း

များကိုလည်းလွယ်ကူစွာရရှိနိုင်ရန် ချိတ်ဆက်ဖန်တီးပေးမည်။

(၆) ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် လူသားတိုင်းအား တန်းတူ အခွင့်အရေးပေးမည်။

ကော်မတီတရပ်ကို ဖွဲ့စည်းသွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimensions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၇) အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေး (FDA)သည် ထိရောက်စွာ စီစစ်ဆောင်ရွက်နိုင်ရန် ဝန်ထမ်း၊ ဘတ်ဂျက် ပိုမိုပံ့ပိုးပေးရန်နှင့် ပြည်နယ်အတွင်းရှိ INGO, NGOs, CSOs များနှင့် လက်တွဲဆောင်ရွက်သွားမည်။

(၈) ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်နယ်၏ ကျန်းမာရေး ဘတ်ဂျက်များကို တိုးပေးရမည်။

(၉) ဝေးလံခေါင်းပါးသော ဒေသများတွင် တာဝန်ကျနေသော ကျန်းမာရေး ဝန်ထမ်းများကို ရှားပါး

စားရိတ် များ ထောက်ပံ့ပေးမည်။

(၁၀) ဒေသခံတိုင်းရင်းသား လူထု၏ ကျန်းမာရေးများကို ကူညီစောင့်ရှောက်နိုင်မည့် ကျန်မာရေး

အာမခံလုပ်ငန်းများကို အားပေးကူညီသွားမည်။

(၁၁) ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန်များသည် တာဝန်ချိန်များကို တိကျစွာလိုက်နာအောင်

လုပ်ဆောင်သွားမည်။

(၁၂) ဒေသခံကျန်းမာရေး ဝန်ထမ်းများ ပိုမိုပေါ်ပေါက်လာရန် ထောက်ပံ့မှု၊ ခန့်အပ်မှုများကို ဦးစား

ပေး ဆောင်ရွက်သွားမည်။

(၁၃) ထိရောက်သော လူထုကျန်းမာရေးအစီအစဉ်ကို ရေးဆွဲဖော်ထုတ်ပြီး ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်ရန် ဂနစ်တကျ လုပ်ဆောင်သွားမည်။

စီးပွားရေး ကဏ္ဍဆိုင်ရာမူဝါဒများ

(၁) စိုက်ပျိုးရေးသီးနှံများ ဈေးကွက်

က။ ဒေသထွက်သီးနှံများအားဈေးကွက်ခိုင်မာစေရေးနှင့်ဈေးကွက် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အတွက် အထူးအလေးထား ဆောင်ရွက်သွားမည်။

ခ။ ကျေးလက်ဒေသရှိ ထုတ်ကုန်များကို ဈေးကွက်သို့ရောက်ရှိအောင် သတင်းအချက်အလက် ဆိုင်ရာ နည်းပညာများဖြင့် ပံ့ပိုးကူညီသွားမည်။

(၂) အလုပ်အကိုင်နှင့် ဝင်ငွေ

က ။တစ်ဦးချင်း ဂင်ငွေတိုးစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေးအတွက် ကူညီ

ပေးမည်။

ခ။ တစ်ဦးချင်း ဂင်ငွေတိုးရန် အတွက် အခွန်လျှော့ပေးခြင်း၊ ထုတ်လုပ်မှု တိုးတက် စေခြင်း ၊

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimensions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

အချိတ်အဆက်ပိုမိုဖန်တီးပေးနိုင်ခြင်းလုပ်ငန်းများတိုးတက်စေခြင်းမှအလုပ်အကိုင်အခွင့် အလမ်းတိုးတက်စေမည်။

(၃) ကျေးလက်စီးပွားရေးကိုအားပေးသောလမ်း၊တံတားကျေးလက်စီးပွားရေးကို ဦးစားပေးသော

လယ် ယာကုန်ထုတ်လမ်း၊ ကျေးလက်ချင်းဆက်လမ်း၊ တံတားကို ဖန်တီးပေးမည်။

(၄)တနိုင်တပိုင်လုပ်ငန်းများ (Micro - Business)

က၊ တနိုင်တပိုင်လုပ်ငန်းများအား ကောက်ခံသည့် အခွန်များကို လျော့ချခြင်းအားဖြင့် ပံ့ပိုးကူညီပေးမည်။ တနိုင်တပိုင်လုပ်ငန်းများ၊ စိုက်ပျိုးရေး လုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးသွားပါက ပြန်လည်ထူထောင်နိုင်ရန်အတွက် ပံ့ပိုးကူညီသွားမည်။

(၅) စက်မှုစီးပွားရေး

က။ တနိုင်တပိုင် လုပ်ငန်းများကို အသေးစားစက်မှုလုပ်ငန်း(value add )အဆင့်သို့ တက်လှမ်းနိုင်ရန် ပံ့ပိုးကူညီလုပ်ဆောင်သွားမည်။

ခ။ စိုက်ပျိုးရေးနှင့်ဆက်စပ်သောသွင်းအားစုများကိုပြည်နယ်အတွင်းထုတ်လုပ်နိုင်ရေးအတွက်ဖန်တီး

ဆောင်ရွက်သွားမည်။

(၆) ရင်းနှီးမြှုပ်နှံမှုများ

က။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လိုအပ်ချက်များနှင့် အရေးပါမှုများ အပေါ် မူတည်ပြီး ရွေးချယ်ဖိတ်ခေါ်သွားမည်။ (စိုက်ပျိုးရေးကဏ္ဍအတွက် တန်းဖိုးမြှင့်ရန်၊ ဖုန်း၊ ကွန်ပျူတာ ကဲ့သို့ အရေးပါသော လုပ်ငန်းများကို ဦးစားပေး ဖိတ်ခေါ်သွားမည်။

ခ။ ဒေသခံ ရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးဖိတ်ခေါ်ပြီး ကူညီဆောင်ရွက်ပေးမည်။

(၇) ကုန်သွယ်ရေး

ကုန်သွယ်ရေးအားကောင်းစေရန်အတွက် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များနှင့် 0:33:2048: (Consumers, Business and Farmer associations on goccosco:£oops စီးပွားရေးဆုံချက် (Business Center) ကို ဖွဲ့စည်း ပံ့ပိုးပေးသွားမည်။

(၈) စွန့်ဦးစီးပွားရေး

ဒေသခံ စွန့်ဦးစီးပွားရေး အစီအစဉ်ကောင်းများကို စနစ်တကျ ဖော်ထုတ်၍ ထိရောက်စွာ ပံ့ပိုးကူညီသွားမည်။

(၉) စီးပွားဖွံ့ဖြိုးရေး ရံပုံငွေ

ဒေသ၏ စီးပွား ဖွံ့ဖြိုးရေးအတွက် ငွေကြေးရံပုံငွေတရပ် ထူထောင်ပြီး အရေးပါသော စီးပွားရေး အစီအစဉ်များကို ပံ့ပိုးကူညီသွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၁၀) စိုက်ဘဏ်

တောင်သူများ၏ သီးနှံမျိုးရင်းများကို ကူညီပေးနိုင်မည့် မျိုးစေ့ဘဏ်နှင့် စိုက်ပျိုးသီးနှံများကို ကျောထောက်နောက်ခံပေးသည့် ထုတ်ကုန်အာမခံပေးသောအစီအစဉ်များ (Subsidize)ကို လုပ်ဆောင် သွားမည်။

(၁၁) အကိုးနန်းများသည့် ချေးငွေကိစ္စ

စိုက်ပျိုးချေးငွေလိုအပ်သောတောင်သူလယ်သမားများအတွက်ဖူလုံရေးဆိုင်ရာအစီမံများချေးငွေ

အာမခံ ပေးသောလုပ်ငန်းစဉ်များတွင် ဖြေရှင်းကူညီဆောင်ရွက်သွားမည်။

ဘဏ္ဍာရေးကဏ္ဍဆိုင်ရာမူဝါဒများ

(၁) ပြည်နယ် ဘဏ္ဍာငွေများသုံးစွဲရာတွင် ကျေးလက်ဖွံ့ဖြိုးရေးအတွက်ရေ၊ မီး၊ ပညာရေးနှင့်

ကျန်းမာရေး အစီအစဉ်များကို ဦးစားပေးသွားမည်။

(၂) ပြည်နယ်ဘဏ္ဍာငွေများ သုံးစွဲရာတွင် အလုပ်သမားများ၏ အနိမ့်ဆုံးလစာကို တိုးမြှင့်နိုင်ရေးကို

လုပ်ဆောင်သွားမည်။

(၃) ပြည်သူလူထုများ အတွက် ပြည်နယ်ဘဏ္ဍာငွေများ သုံးစွဲရာတွင် အလေ အလွင့်မရှိစေ ရေးအ

တွက် လက်ငင်း နှင့် ရေရှည်အကျိုး ပိုမိုရရှိစေသော စီမံကိန်းများကိုသာ ဦးစားပေးရမည်။

(၄) ဗဟိုအစိုးရမှ ချမှတ်သည့် စီမံကိန်းကြီးများထက် ပြည်နယ်ဘဏ္ဍာရေးများ သုံးစွဲရာတွင် ဒေသကို ဦးစားပေးပြီ ရေလတ် ၊ ရေရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်မည်။

( ၅ ) ပြည်သူ့ငွေများသုံးစွဲရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများကို တိကျစွာရေးဆွဲပြီး ၊ ကျပ် သိန်း ၁၀၀ အထက်ကို ယှဉ်ပြိုင်တင်ဒါစနစ်ဖြင့်ပွင့်လင်းစွာသုံးစွဲရမည်။

(၆) ဂင်ငွေခွန်များကို သေချာစွာ စီစစ်၍ သင့်လျော်သော ပမာဏများဖြင့် ကောက်ခံသွားမည်။

(၇) ပြည်နယ်အတွင်းသို့သွင်းလာမည့်ကုန်စည်များအတွက်စည်းကြပ်ခွန်များကိုစနစ်တကျသတ်မှတ်

သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimensions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial- ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၈) ပြည်နယ်ငွေကြေးရေးရာကိုထိန်းချုပ်ကွတ်ကဲနိုင်ရန်အတွက်ဥပဒေနှင့်အညီပြည်နယ်ဖွံ့ဖြိုးရေး ဘဏ် တခုထူထောင်ရမည်။ ၎င်းဘဏ်သည် လွတ်လပ်ပြီး နိုင်ငံရေး စွတ်ဖက်မှု ကင်းရမည်။

(၉) ပြည်နယ်အစိုးရ၏ဘဏ္ဍာငွေများမှ ပိုလျှံငွေ ( surplus ) များကို လူမှုဖူလုံရေးလုပ်ငန်းများအတွက် အဓိက ဦးစားပေးသုံးစွဲသွားမည်။

(၁၀) လူထုအကျိုးရှိသော လူထုလိုလားသော အချို့လုပ်ငန်းများကို (Public Private Partnership -Ppp ) ဖော်ဆောင်ပေးမည်။

(၁၁) အစိုးရ၏ နှစ်စဉ် ရသုံးမှန်းချေ ငွေစာရင်းဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာနကရေးဆွဲပြုစု၍ အစိုးရမှလွှတ်တော်သို့ တင်သွင်းရမည်။

(၁၂) လွှတ်တော်မှအတည်ပြုပြဌာန်းပြီးသောဘဏ္ဍာရေးဆိုင်ရာဥပဒေများကိုဘဏ္ဍာရေးဝန်ကြီးဌာ န က တာဝန်ခံဆောင်ရွက်ရမည်။

စိုက်ပျိုးရေး ကဏ္ဍဆိုင်ရာမူဝါဒများ

(၁) စိုက်ပျိုးရေးကဏ္ဍကို ကူညီနိုင်ရန် ဒေသခံတောင်သူများ မိရိုးဖလာစိုက်ပျိုးသည့် သီးနှံများနှင့် ဈေးကွက်ပျော်သီးနှံများဟူ၍ ခွဲခြားသတ်မှတ်ပြီး စနစ်တကျကူညီပံ့ပိုးပေးသွားမည်။

(၂) စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံဈေးကွက်ခိုင်မာအောင် လုပ်ဆောင်ခြင်း၊contract farmingလုပ် ပေးခြင်း၊ သွင်းအား စုများ စီစစ်ပြီး လက်လှမ်း မှီအောင် စီစဉ်ပေးခြင်း ၊ လယ်ယာ များ အတွက်ဆည်ငယ်များ၊ ရေပေးဝေရေး၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာ ဖော်ထုတ်ပံ့ ပိုးခြင်း စသည်တို့ကို အစိုးရက ပံ့ပိုးကူညီသွားမည်။

(၃) စိုက်ပျိုးရေး ကဏ္ဍ တွင် ကူညီပေး နေသည့် INGOs, NGOs, အရပ်ဘက်(CSOs) များ နှင့် တောင်သူများအကြား မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ပံ့ပိုးကူညီသွားမည်။

(၄) အစိုးရ ဖော်ဆောင် နေသော လယ်ယာ ရေပေးဝေရေး လုပ်ငန်းစဉ် များတွင် အလေအလွင့်နည်းပါးစေရန် ဝန်ထမ်းအင်အား တိုးချဲ့ပြီး စနစ်တကျ ဖော်ဆောင်သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၅) တောင်သူများအားတိုက်ရိုက်ကောက်ယူသည့်အခွန်စနစ်များကိုလျော့ချပေးရန်၊သီးနှံထုတ်လုပ်မှုနှင့် စပ်ဆိုင်သော ပံ့ပိုးထောက်ပံ့မှု (Subsidy) များ ဖော်ဆောင်သွားမည်။

(၆) ပုဂ္ဂလိကစက်မှုလယ်ယာစနစ်အားကောင်းလာစေရန်နည်းပညာ ဂန်ဆောင်မှုနှင့်ဈေးနှုန်းသက်သာ ရေးတို့ကို ပံ့ပိုးဆောင်ရွက်သွားမည်။

(၇) ပုဂ္ဂလိကကုန်းမြင့်လယ်ယာစနစ်ကိုအားပေးနိုင်ရန်အစိုးရမှပညာပေးခြင်း၊စံပြလုပ်ကွက်ဖော်ထုတ်ခြင်းနှင့် ပိုင်ဆိုင်မှုပြ မှတ်ပုံတင်ခြင်းများကို ကူညီပံ့ပိုးသွားမည်။

(၈) ယခင် အစိုးရအသီးသီး သိမ်းယူထားသော ဥာနစိုက်ပျိုးမြေများကို မူလပိုင်ရှင်များလက်ထဲသို့ ပြန်ပေးနိုင်ရေးကို ဆောင်ရွက်သွားမည်။

(၉) တပ်မတော်သိမ်းမြေများကို တရားမျှတမှုရှိအောင် ဆောင်ရွက်သွားမည်။

(၁၀) တောင်သူနှင့် သီးနှံအမျိုးအစားများကို Mapping ဆွဲပြီး ဗျူဟာကျကျ စနစ်တကျ ပံ့ပိုးကူညီသွားမည်။

(၁၁) ဒေသသီးနှံမျိုးရင်းများကို မှတ်ပုံတင်ခွင့်နှင့် မျိုးစေ့ဘဏ်များ ထားရှိနိုင်ရန် ဖော်ဆောင်သွားမည်။

(၁၂) သစ်တောထွက်မဟုတ်သော တောထွက်ပစ္စည်းများ ( ပျားရည်၊ချိတ်၊ ဖာလာ၊ပိတ်ချင်း ၊ စသည် ..) ရောင်းဝယ်ဖောက်ကားခွင့်ဥပဒေကို ပြင်ဆင်သွားမည်။

(၁၃) အလွန်အကျွံထုတ်လုပ်မှု(Mass production) စနစ်မျိုးကိုအားမပေးဘဲဒေသအတွက်ဈေးကွက်ပိုမိုခိုင်မာ အားကောင်းစေရန် သီးနှံပုံ ထုတ်လုပ်မှုစနစ်ကို အားပေးသွားမည်။

သဘာဝ သယံဇာတ ကဏ္ဍဆိုင်ရာမူဝါဒများ

(၁) သဘာဝ သယံဇာတများ၏ မူလပိုင်ရှင်သည် ဒေသခံတိုင်းရင်းသားပြည်သူများဖြစ်ပြီးနိုင်ငံသားများ အားလုံး၏ အကျိုးအတွက် ဖြစ်ရမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၂) နိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေး မူဝါဒများသည် သဘာဝသယံဇာတများအပေါ် အဓိကမှီခိုမှု မဖြစ်အောင် ဆောင်ရွက်သွားမည်။

(၃) သဘာဝသယံဇာတများ ထုတ်ယူခြင်း မပြုလုပ်မီ ဒေသခံတိုင်းရင်းသားများ ကြိုတင်၍

လွတ်လပ်စွာ သိရှိခွင့်၊ သတင်းရယူခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် များရှိစေရမည်။

(၄)သဘာဝသံယံဇတများထုတ်ယူရာတွင်ပွင့်လင်းမြင်သာမှု၊တာဝန်ယူတာဝန်ခံမှုနှင့်ရေရှည်ဖွံ့ဖြိုးတိုး

တက်ရေးကို အခြေခံ၍ ဖော်ဆောင်ရမည်။

(၅) သဘာဝသယံဇာတများထုတ်ယူရာတွင် အလွန်အကျွံထုတ်ယူခြင်းမရှိစေရန် ရေရှည်ထုတ်ယူနိုင်ရေးအတွက် အသစ်ဖြစ်မြဲ သဘာဝသံယံဇတ (သစ်တောနှင့် ရေအရင်းအမြစ်) Renewable Natural Resource ဖြစ်အောင် ထိန်းသိမ်းကာကွယ်စီမံရမည်။

(၆) သဘာဝသယံဇာတများ ထုတ်ယူရာတွင်ဒေသခံတိုင်းရင်းသားများသည်လည်းထုတ်ယူသုံးစွဲပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် ရရှိလာသောအကျိုးအမြတ်များကိုယခုမျိုးဆက်များသာမကနောင်မျိုးဆက်များအတွက် ပါ တိုက်ရိုက်ခံစားပိုင်ခွင့် ရှိရမည်။

(၇) သဘာဝသယံဇာတများထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် (သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုရှိ/မရှိဆန်းစစ်ခြင်း SIA, ကျန်းမာရေးဆိုးကျိုး သက်ရောက်မှုရှိ/မရှိဆန်းစစ်ခြင်း HIA,ပဋိပက္ခဖြစ်နိုင်ချေ အတွက် ဆန်းစစ်ခြင်း - CIA) များကို ကြိုတင်ကောက်ယူပြီး ချပြအကောင်အထည်ဖေါ်ရမည်။

(၈) သဘာဝသယံဇာတများစမ်းသပ်ထုတ်ယူရာတွင်ပြည်သူများသိရှိခွင့်နှင့်အတိုဆုံးကာလသတ်

မှတ်ပြီး စက်ယန္တရားများ အကန့်အသတ်နှင့် ခွင့်ပြုရမည်။

(၉) သဘာဝသယံဇာတများမှ ရရှိသော အခွန်များကို ပွင့်လင်းမြင်သာစွာ သိရှိခွင့်နှင့် ထိုအခွန်များ

ကိုမည်သည့်အခန်းကဏ္ဍတွင်အသုံးပြုသင့်ကြောင်းကိုဒေသခံတိုင်းရင်းသားများမှအဆိုပြု ဆုံးဖြတ်ပိုင်ခွင့် ရှိစေရမည်။

(၁၀) ဒေသခံ တိုင်းရင်းသားများ ပိုမိုအကျိုးရှိစေရန်အတွက် သဘာဝသယံဇာတ ထုတ်ယူသည့် စီးပွားရေး လုပ်ငန်းများ၏ လူမှုတာဝန်ယူမှု (CSR) ရန်ပုံငွေ များကို တိကျစွာ ပေးဆောင်

အသုံးပြုရမည်။

(၁၁) သဘာဝသယံဇာတ များထုတ်ယူခြင်း လုပ်ငန်းများကိုဥပဒေစည်းမျဉ်းများနှင့် အညီပြည်တွင်း

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

လုပ်ငန်းရှင်များကို ဦးစားပေးပြီး လိုအပ်ပါက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ကိုခွင့်ပြု သွားမည်။

(၁၂) သဘာဝ သယံဇာတ မှ တန်ဖိုးမြင့်ထုတ်ကုန်များ ကို ထုတ်လုပ်ခြင်းအားဖြင့် ပိုမိုကောင်းမွန်

သော အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်။

မြေမူဝါဒများ

(၁)မြေ၏မူလပိုင်ရှင်သည် ဒေသတိုင်းရင်းသားများဖြစ်ပြီး လူမျိုးစုနှင့်ဒေသအဆင့်အစိုးရတို့သည် စီမံခွင့်ရှိစေရမည်။

(၂) တိုင်းရင်းသားတို့၏ ပုဂ္ဂလိကပိုင်မြေကို လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်ပိုင်ဆိုင်မှု အမြင့်ဆုံးပမာဏကို ကန့်သတ်သတ်မှတ်ထားမည်။

(၃) တိုင်းရင်းသားပြည်သူများ၏ ပုဂ္ဂလိကပိုင်စီးပွားရေးအတွက် အသုံးပြုမြေသြဇာ အကျယ်အဝန်းအပေါ် မူတည်၍ သတ်မှတ်အခွန်များ ပေးဆောင်စေရမည်။

(၄) တိုင်းရင်းသားလူမျိုးများ၏ အများပိုင်မြေကို ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ ကျင့်သုံးခွင့်ရှိစေရမည်။

အနံ (၄ မှ နင်း၍ Asciiမင်းအခွန်းများ striည်။ CCTOHEMIများနှင့်အညီ အဦး။

(၅) မြေများကို ပြည်သူများ၏ နေရေး၊ စားရေး၊ စီးပွားရေး၊ အနာဂတ်အမွေပေးရေးများအတွက် အသုံးချခွင့်ရှိရမည်။

(၆) မြေနှင့်ပက်သတ်၍ ပိုင်ဆိုင်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့သည် တန်းတူအခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်

ရှိရမည်။

(၇) ဓလေ့ထုံးတမ်းအရဖြစ်စေ၊ ခေတ်စနစ်ကာလအပြောင်းအလဲကြောင့်ဖြစ်စေ မြေပိုင်ဆိုင်ထားသူများ၏ မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုပေးရမည်။

(၈) နိုင်ငံခြားသားများ မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုပေးရမည်။

(၉) မြေများကိုအသုံးပြု၍ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များသို့ငှားရမ်းခွင့်နှင့် ပက်သတ်၍ အကန့်အသတ်ဖြင့်ခွင့်ပြုပေးရမည်ဖြစ်ပြီး အခွန်များကို တိတိကျကျသတ်မှတ်ပေးရမည်။

(၁၀) သတ္တုနှင့်သစ်တော သဘာဝသယံဇာတများထုတ်ယူရန်အတွက် မြေများသတ်မှတ်မှုများကို ပြည်သူများ၏ဆန္ဒနှင့်အညီ ဒေသခံများအတွက်အကျိုးအမြတ်ရှိခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် အကန့်အသတ်ဖြင့်ခွင့်ပြုရမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၁၁) ပြည်သူပိုင်မြေများကို သင့်လျော်သော ပမာဏအကန့်အသတ်ဖြင့်သတ်မှတ်ပေးရမည်။

(၁၂) လိုအပ်ချက်အရ မြေများအသုံးပြုရာတွင် ဒေသခံလူထုသဘောတူညီချက်ဖြင့် ကာလတန်ဖိုးနှင့်အညီ အသုံးချခွင့်ရှိစေရမည်။

(၁၃) ဤမူဝါဒများကို တိုင်းရင်းသားလူထုများအား ကိုယ်စားပြုသည့် ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အစိုးရများနှင့် ဒေသခံအဖွဲ့အစည်းများက စီမံ၍ ကာကွယ်စောင့်ရှောက်ပေးရမည်။

လူငယ်ရေးရာမူဝါဒများ

၁။ လူငယ်များအတွက် အခြေခံပညာရေးသည် အခမဲ့နှင့်မသင်မနေရပညာရေးစနစ်ဖြစ်ပြီး လုံလောက်စွာပံ့ပိုးပေးရမည်။

၂။ အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ကြားရန် အခက်အခဲရှိသော လူငယ်များအား အစိုးရမှပညာသင်ထောက်ပံ့မှုများပေးရန်နှင့် ကျောင်းထွက်သည့် လူငယ်များအတွက် ကျောင်းပြင်ပပညာရေးများကို ဖန်တီးပေးရမည်။

၃။ အခြေခံအသက်မွေးလမ်းကြောင်းလုပ်ငန်း အလုပ်အကိုင်များနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးမည်။

၄။ လူငယ်များတီထွင်ဖန်တီးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အပြန်အလှန်နှီးနှောဖလှယ်ခွင့်နှင့် ပြဿနာအရပ်ရပ်ကို စုပေါင်းအဖြေရှာနိုင်သော လူငယ်စင်တာများတည်ထောင်ထားရှိရမည်။

၅။ လူငယ်များဆိုင်ရာ ကဏ္ဍအသီးသီးကို ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ နိုင်ငံအဆင့်ထိ လူငယ်များပါဝင်နိုင်ရန် ပံ့မှန်ကျင်းပပေးမည်။

၆။ လူငယ်များအားအသက်အရွယ်ပိုင်းခြားခြင်းမရှိစေဘဲ နိုင်ငံရေးတွင်ပါဝင်ခွင့်ကိုအားပေးကူညီရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြင်ဆင်ပြဌာန်းပေးမည်။

၇။ မတူကွဲပြားသောတိုင်းရင်းသားများအကြား ယုံကြည်မှုနှင့်စာပေယဉ်ကျေးမှုများကို လက်သင့်ခံမှုရှိစေပြီး ၎င်းတို့၏အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းရာတွင်ကူညီပေးမည်။

၈။ ဖွံ့ဖြိုးမှုနည်းပါးသည့် လူနည်းစုဒေသရှိလူငယ်များအား တရားမျှတပြီး တန်းတူအခွင့်အရေးများ ရရှိစေရန်အတွက် အထူးအစီအစဉ်များဖြင့် ကာကွယ်မြှင့်တင်ပေးမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

၉။ လွတ်လပ်သော လူငယ်သမဂ္ဂများ၊ အသင်းအဖွဲ့များကို အစိုးရအနေဖြင့် အသိအမှတ်ပြုပြီး
သင့်တော်သောလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်သွားမည်။

၁၀။ လူငယ်များကိုယ်တိုင် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာမြို့များတွင် ပြုလုပ်သည့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်
လူငယ်အချင်းချင်း အားပေးမြှင့်တင်သည့် အသိပညာပေးလှုပ်ရှားမှုများကို အားပေးညီသွားမည်။

၁၁။ အသက်(၁၈)အောက် ပြစ်ဒဏ်ခံရသောလူငယ်များကို ပြုပြင်ရေးစခန်းများတွင်ထိန်းသိမ်းပြီး
အသက်မွေးဝမ်းကြောင်းပညာရပ်ဆိုင်ရာများ သင်ကြားပေးသွားမည်။

၁၂။ လူငယ်တိုင်း ကျမ်းမာရေးအသိပညာနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်ခံခွင့်ရှိရမည်။

၁၃။ အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးစသည့်ါခန်းကဏ္ဍများတွင် လူငယ်များပါဝင်ခွင့်ဖန်တီးပေးမည်။

၁၄။လူငယ်များစာရိတ္တနှင့်စိတ်ဓာတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးအစီအစဉ်များကို
ချမှတ်အကောင်အထည်ဖော်ပေးမည်။

၁၅။ တိုင်းရင်းသားလူငယ်များအား ပညာရေး၊လူမှုရေးနှင့် သိပ္ပံရေးရာများတွင် နိုင်ငံတကာအတွေ့အကြုံများ ရယူနိုင်ရန်
အကူအညီပေးမည်။

၁၆။ အထက်ပါမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ပါတီအတွင်းလူငယ်ရေးရာကော်မတီမှ အဆိုပါလုပ်ငန်းစဉ်ကို
စောင့်ကြည့်ဝေဖန်ခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ကူညီခြင်း စသည်တို့ လုပ်ဆောင်ပေးသွားမည်။

မူးယစ်ဆေးဝါး ကဏ္ဍဆိုင်ရာမူဝါဒများ

၁။ မူးယစ်ဆေးဝါးပြဿနာများသည်လူမှုရေးနှင့်အတူပူးတွဲဖြစ်ပေါ်လာသော (Social problems)
ဖြစ်သည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးများကို လူမှုရေးပြဿနာအခြေခံရှုထောင့် (Social Issues Perspective)
မှဖြေရှင်းပေးရမည်။

၂။ မူးယစ်ဆေးဝါးများကိုလက်သင့်ခံသင့်သောအုပ်စု (Drug Tolerance Group) နှင့်
ပြင်းထန်စွာတားမြစ်ထားသင့်သော အုပ်စု (Danger Drug Group) လျော့အရလက်ခံသင့်သောအုပ်စုဟူ၍ ခွဲခြားကာ
တရားဝင်အသုံးပြုခွင့်ပေးခြင်း (Legalization)၊ အကန့်အသတ်ဖြင့်ခွင့်ပြုခြင်း (Regulation)၊ ပြင်းထန်စွာအပြစ်ပေးခြင်း
(Prohibition) နှင့် တရာဝင်အခွန်ကောက်ခြင်း (Texation) စသည့် (Devolution of Drug Policy)တို့
အဆင့်ဆင့်ဆောင်ရွက်သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimensions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

(၃) မူးယစ်ဆေးဝါးနှင့်ပက်သတ်၍ လူထုများအပေါ် မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချခြင်းအသိပညာပေးခြင်း၊ အမြင်ဖွင့်ခြင်းနှင့် မူးယစ်ဆေးဝါးကြောင့် ပြဿနာကြုံတွေ့နေရသူများအား ပြန်လည်ထူထောင်ကူညီခြင်း(Prevention and rehabilitation) ကို ဦးစားပေးလုပ်ဆောင်သွားမည်။

(၄) စနစ်တကျအသုံးပြုနိုင်သော ယစ်မျိုးများကို ဒေသစီးပွားရေးနှင့် တောင်သူများအကျိုးရှိစေရန် စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ တရားဝင်မှု (Legalization) ပြုလုပ်သွားမည်။

(၅) ဘိန်းအစားထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသဈေးကွက်ဖွံ့ဖြိုးမှု (Market Development)၊ ဒေသဖွံ့ဖြိုးရေး (Rual Development)နှင့် ဒေသဖွံ့ဖြိုးရေးချေးငွေ (Regional Development Fund) လုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားမည်။

(၆) ရိုးရာယဉ်ကျေးမှုအရ အရလက်ခံသင့်သောအုပ်စုကို လုံးဝခွင့်ပြု၍ အခွန်းများကိုလည်းလျှော့ချသွားမည်။

အမျိုးသမီးကဏ္ဍဆိုင်ရာမူဝါဒများ

(၁) အမျိုးသမီးများကိုယ်တိုင် ကဏ္ဍတိုင်းတွင် မူဝါဒများရေးဆွဲရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရာတွင် လည်းကောင်း ပါဝင်ခွင့်ရရှိစေရန်နှင့် CEDAW ပါ အချက်အလတ်များကို အစိုးရမှနည်းဥပဒေများဖြင့် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရေးကို လုပ်ဆောင်သွားမည်။

(၂)နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်ဦးဆောင်ဆုံးဖြတ်နိုင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးသွားမည်။

(၃)ပါတီနိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်ပြီး ဆုံးဖြတ်နိုင်သော အဆင့်တွင်ရောက်ရှိစေရန် အထူးအလေးထားဆောင်ရွက်သွားမည်။

လူမှုဖူလုံရေးဆိုင်ရာမူဝါဒများ

(၁) လူမှုကူညီရေးရံပုံငွေလုံလောက်စွာထားရှိရန်နှင့် လူတိုင်းအခြေခံစားဝတ်နေရေးနှင့် အညီ အသက်ရှင်နေထိုင်နိုင်ရေးကို အသေးစိတ်ချမှတ် အကောင်အထည်ဖော်သွားမည်။

(၂) ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်လက်မဲ့နှုန်းလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူများကို အရေးပေါ်ကူညီမှုဆိုင်ရာမူဝါဒများ အသေးစိတ်ချမှတ် အကောင်အထည်ဖော်သွားမည်။

This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

အလုပ်သမား၊ လယ်သမားနှင့် ဝန်ထမ်းများဆိုင်ရာ မူဝါဒများ

(၁) အလုပ်သမား၊ လယ်သမားများသည် လွတ်လပ်စွာသမဂ္ဂများဖွဲ့စည်းခွင့်နှင့် ၎င်းတို့၏အခွင့်အရေးကို အရေးဆိုခွင့်ရှိရမည်။

(၂) ပြည်သူ့ဝန်ထမ်းအပါအဝင် အလုပ်သမား လယ်သမားများကို ကာကွယ်သောဥပဒေများထားရှိရမည့်အပြင် အဆိုပါကဏ္ဍအလိုက် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာသင်တန်းများကို ဖော်ဆောင်ပေးသွားမည်။

ဌာနေတိုင်းရင်းသားလူနည်းစုဆိုင်ရာမူဝါဒများ

(၁) တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသ၊ ဘာသာစကား၊ စာပေနှင့်ရိုးရာယဉ်ကျေးမှုများသည် တိုင်းပြည်၏ ယဉ်ကျေးမှု အမွေအနှစ်များပင်ဖြစ်သောကြောင့် အစိုးရကာကွယ်ထိန်းသိမ်း မြှင့်တင်သွားမည်။

(၂) တိုင်းရင်းသားများ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတန်ဖိုးများ အားဆန့်ကျင်ဘက်မဖြစ်သည့် ဓလေ့ထုံးတမ်းများနှင့် ကျင့်ဝတ်များဆိုင်ရာ အခွင့်အရေးများကို ဥပဒေများဖြင့် ကာကွယ်ပြဌာန်းကာ ဌာနေတိုင်းရင်းသားများကိုယ်တိုင် ကျင့်သုံးခွင့်ရရှိစေရမည်။